WINE (Mg)

# ကျွန်တော့်ရဲ့ကောရီ



# အခန်း(၁)

"ဖေ ... ဖေဖေ ..."

တိတ်ဆိတ်နေသော တရားခွင်တစ်ခုမှာ ခေါင်းငိုက်စိုက် ကျတည်ရှိနေတဲ့ ဖေဖေ့ရဲ့ ပုံရိပ် ... အနီရောင်ဝင်း တံခါးနောက်မှာ ရှိနေတဲ့ ဖေဖေ ... ဖေဖေ့ရဲ့ လက်ကောက်ဝတ်ပေါ်မှာ နေရာယူထားတဲ့ လက်ထိတ်တစ်ခု ... ထိုမြင်ကွင်းက သူ့ရင်ကို အတိုင်းအဆမဲ့ နာကျင်စေလေသည် ။ ဆို့နင့် မွန်းကျပ်လာတဲ့ ဝေဒနာ တစ်ခုကို သူ အံကြိတ် တင်းခံထားလိုက်သည် ။

"အဲကောင်လေးက တရားခံရဲ့ သားကြီးလေ ..."

"ဟုတ်လား ... ကလေးက သားသားနားနား လေးပါဟယ်"

"ဟုတ်တယ် ... ကောင်လေးက ဒီနှစ် ၁၀ တန်းလေ ... စာလည်း အရမ်းတော်တာ ... ကျောင်းမှာ စာရိတ္တမောင်ဆု ရထားတာ ... တဲ့ ... ကျွန်မ သမီးက ပြောတယ် ... "

"ဟယ် ဘုရားရေ ... ဒုက္ခပါပဲ ... ဖအေက ငွေအလွဲသုံးစားမှုနဲ့ တရားခံ ... သားက စာရိတ္တမောင်ဆု ရထားတယ် ... ဘုရား ဘုရား လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ ... ဒုက္ခ ဒုက္ခ ကလေး ဘဝတော့ သွားပါပြီ ... ကျွတ် ကျွတ် သနားပါတယ် ... "

နားထဲ ပီပီသသကြီး တိုးဝင်လာတဲ့ စကားသံတွေ ... ထိုစကား

သံတွေကို သူနဲ့ သိပ်မဝေးတဲ့ နေရာက ဖေဖေလည်း ကြားပုံရသည် ... နောင်တတစ်ခုနဲ့ ယူကျုံးမရ ဖြစ်နေတဲ့ ဖေဖေ့ရဲ့ မျက်နှာ ညှိုးညှိုးကြောင့် သူ့ရင်တွေ ပေါက်ကွဲထွက်တော့မတတ် ဆတ်ဆတ်ခါ နာကျင်လာသည် ...

မပြောကြပါနဲ့ ... မပြောကြပါနဲ့ တော့ ... ဖေဖေ့ အကြောင်း ဘာမှလည်း မသိပဲ ရမ်းမဝေဖန်ကြပါနဲ့ တော့ တောင်းပန်ပါတယ်။ စိတ်ထဲကနေ ငြင်းဆန်နေမိတဲ့ စကားတွေက လည်ချောင်းဝမှာ တစ်ဆို့ပျောက်ကွယ် နေသည် ။ လက်သီးကို ကျစ်ကျစ်ပါအောင် ဆုပ်ပြီး မျက်ရည်မကျမိအောင် သူ ထိန်းချုပ်ထားလိုက်သည် ။

ဖြစ်နိုင်ရင် သူ ဒီနေရာကနေ ဖေဖေ့လက်ကို ဆွဲပြီး ထွက်ပြေး ပစ်လိုက်ချင်သည် ။ ဆေးရုံမှာ ကျန်နေခဲ့တဲ့ နှလုံးရောဂါသည် မေမေနဲ့ လူမမယ် ညီလေးကို ခေါ်ပြီး  ဒီနေရာရဲ့ အဝေးဆုံးကို ထွက်ပြေး လိုက်ချင်သည် ။

သို့ပေမဲ့ သူလည်း ဒီနေရာမှာ ပဲ ခံပြင်း အံကြိတ်ပြီး ရှိနေသလို ဖေဖေကလည်း တရားခံနေရာမှာ ပဲ ရှိနေဆဲ ... အမှန်တရားတစ်ခုက လုံးဝ ပြောင်းလဲမသွားခဲ့ ... တီးတိုးစကားသံတွ ကြောင့် ပဲလား။ ဒါမှမဟုတ် သူ့ကို ရှက်နေလို့ ပဲလားမသိ။ ဖေဖေ သူ့ကို တစ်ချက်မှ မော့မကြည့်ခဲ့ ကျပ်တည်းတဲ့ မိသားစုတစ်ခုကို ထိန်းမတ်ဖို့ အစွမ်းကုန် ကြိုးစားခဲ့တဲ့ ဖေဖေ့မှာ အပြစ်မရှိပါဘူးလို့ သူ မျက်ဝန်းတွေနဲ့ လှမ်းပြောချင်ပေမဲ့ အားပေး နှစ်သိမ့်ချင်ပေမဲ့ ဖေဖေသူ့ ကို မော့မကြည့် ...

ခေါင်းငိုက်စိုက်ကျ ငူငူငိုင်ငိုင် ရပ်နေတဲ့ ဖေဖေ့အဖြစ်ကို သူ ဆက်မကြည့်ရက်တော့ ...

"ဒုန်း ... ဒုန်း ..."

"အမိန့် ..."

စင်မြင့်ပေါ်က ခန့်ညား ထည်ဝါတဲ့ အသံတစ်ခုကြောင့် အားလုံးရဲ့ အကြည့်တွေက တစ်နေရာကို ဆုံသွား ကြ၏။ စင်မြင့်ထက်က ခန့်ညား တည်ကြည်သော မျက်နှာတစ်ခုကို သူ အားကိုးတကြီး ငေးကြည့် နေမိခိုက် ဖျတ်ခနဲ သူ့ဆီရောက်လာတဲ့ စူးရဲတောက်ပသော အကြည့်တစ်ချက် ... ထိုအကြည့် တစ်ချက်က သူ့ကို ကြက်သီး တဖြန်းဖြန်း ထစေခဲ့သည် ။

"အဖ ( ... ) ၏ သားဖြစ်သူ တရားခံ ဦးအောင်မြင်သည် ..."

သူ့ဆီကနေ တစ်ချက်မှ မရွေ့သော အကြည့်စူးစူး ...

ဩဇာ အာဏာဓာတ် အပြည့်ပါနေတဲ့ ထိုအကြည့်ဒဏ် အောက်မှာ သူ့ရဲ့ အသိစိတ်က သေးသိမ် သိမ်ငယ် သွားသလိုလို ...

"ဦးဦး တရားသူကြီးရယ် ... သား တောင်းပန်ပါတယ် ... ဖေဖေ့ကို ခွင့်လွှတ်ပေးပါနော် ... ဦးဦးက ဖေဖေ့ သူငယ်ချင်းပဲလေ ... ဖေဖေက အဲလိုလူမျိုး မဟုတ်ဘူး ဆိုတာ ... ဦးဦးသိပါတယ် ... ရောဂါသည် မေမေနဲ့ ကျွန်တော့်ကြောင့် တစ်ခါလောက် မိုက်မဲ မိသွားတာပါ ... ကျေးဇူးပြုပြီး ဖေဖေ့ကို ဒီတစ်ကြိမ်လောက် ခွင့်လွှတ် ပေးပါနော် ... ဦးဦးနော် ..."

မျက်လုံးထဲ ပြန်မြင်လာတဲ့ တရားခွင်မစခင် ပုံရိပ်အချို့ ... ယခု စင်မြင့်ပေါ်ရှိနေသူရဲ့ အဝတ်စကိုဆွဲပြီး တောင်းပန်ခယ ငိုကြွေးမိခဲ့တဲ့ သူ့ပုံရိပ် ...

သူ့ရဲ့ လက်တွေကို ဖြုတ်ချရင်း အေးစက်စက် ဆိုသွားခဲ့သော စကားတစ်ခွန်းက ...

"ဥပဒေမှာ ... သူငယ်ချင်း မရှိဘူး ... ကောင်လေး ..." တဲ့ ...

သူ အံကို တင်းတင်း ကြိတ်လိုက်မိသည် ။ ခံပြင်းမှုတစ်ခုက သူ့ကို တွန်းအား ဖြစ်စေခဲ့သည် ။ အကြည့်စူးစူး တစ်ခုကို အေးစက်စက် မျက်ဝန်းတွေနဲ့ ပြန်ချေပ တုံ့ပြန်လိုက်မိတော့ ဖျတ်ခနဲ သူ့ဆီက အကြည့်တွေ နေရာ ရွှေ့သွား၏ ...

"နိုင်ငံတော် ဘဏ္ဍာငွေကို အလွဲသုံးစား ပြုမိခဲ့သဖြင့် ထောင်ဒဏ် ၃ နှစ် ကျခံစေ ..."

"ဟင် ... "

ပြစ်ဒဏ် တစ်ခု ကြားလိုက်ရတော့ သူ့ ခေါင်းကို မိုးကြိုး ပစ်ခံလိုက်ရသလို ပူခနဲ ... အလန့်တကြား ဖေဖေ့ မျက်နှာကို လှမ်းကြည့်မိတော့ သွေးစုတ် ဖြူဖျော့နေတဲ့ ဖေဖေ့မျက်နှာပေါ်က ကြောက်ရွံ့မှု တစ်ခုကို သူ မြင်လိုက်ရသည် ။

ထိုကြောက်ရွံ့မှုက ပြစ်ဒဏ်ကြောင့် မဟုတ် ...

ညစ်နွမ်းသွားတဲ့ ဂုဏ်သိက္ခာ တစ်ခုကြောင့် ... အရောင်စွန်းသွားတဲ့ ကိုယ်ကျင့်တရား တစ်ခုကြောင့် ... ဖေဖေ့ရဲ့ ကြောက်ရွံ့မှုတွေ နားလည်လိုက်မိတဲ့ နောက်မှာ သူ ရူးသွပ်သွားမိသည် ။

"ဖေ ... ဖေဖေ ... ဖေဖေ ..."

ဝမ်းခေါင်းထဲက တိုးထွက်လာတဲ့ ရှတတ သူ့ရဲ့ ခေါ်သံကြောင့် ဖေဖေ သူ့ကို တစ်ချက် လှမ်းကြည့်သည် ။

"သား ... သားကြီး ..."

အက်ကွဲ ဖြူဖျော့နေတဲ့ ဖေဖေနှုတ်ခမ်းသားတွေ ပွင့်ဟပြီး သူ့ကို တမ်းတမ်းတတ ခေါ်နေတုန်း ရှိသေး ဖျတ်ခနဲ ဖေဖေ့ကို ဆွဲခေါ် ထုတ်သွားတဲ့ ရဲသားနှစ်ယောက် ...

"ဟင် ..."

သူ အလန့်တကြား ဖေဖေ့ဆီ ထပြေး သွားလိုက်ပေမဲ့ သူ့ကို ချက်ချင်း ပိတ်ဆို့ တားမြစ်လိုက်သူများ ...

"ဖယ် ... ဖယ်ကြပါ ဖေဖေ့ဆီ သွားခွင့်ပေးပါ ... ဖေဖေ ... ဖေဖေ ..."

"သား ... သားကြီး ... သွား ... ပြန် ... ပြန်တော့ သား ... ညီ ... ညီလေးနဲ့ မေမေ့ဆီ ပြန်တော့ ... ပြီး ပြီးတော့ ဖေဖေ့ အစား စောင့်ရှောက်ပေး ပေး ..."

"ဖေ ... ဖေဖေ ..."

တဖြည်းဖြည်း ဝေးကွာပြီး မြင်ကွင်းမှ ပျောက်ကွယ်သွားတဲ့ ဖေဖေ့ပုံရိပ် ... ဖေဖေ မရှိတော့ သူ ရပ်တည်နိုင်စွမ်းတွေ မဲ့ကုန်သည် ။

"အား ... ဖေဖေ ... "

တင်းကျပ်လာသမျှတွေ အော်ဟစ်ထုတ်ပစ်ရင်း သူ့ဒူးတွေ ထိုနေရာမှာ ပဲ ပျော့ခွေ ပြုတ်ကျသွားခဲ့သည် ။ လမ်းပျောက်သွားသူ တစ်ယောက်လို သူ ယောင်လည်လည် ဖြစ်ကျန်ခဲ့လေပြီ။

တဖြည်းဖြည်း လူသူကင်းမဲ့သွားတဲ့ တရားခွင် တစ်ခုမှာ အသိစိတ်ဝိညာဉ်မဲ့စွာ သူ ထိုင်နေမိသေးသည် ။

"မိုးယံ ... မိုးယံလင်း ... လင်း ရေ ..."

တိတ်ဆိတ် ငြိမ်သက်သွားတဲ့ ပတ်ဝန်းကျင်တစ်ခုမှာ သူ့အမည်ကို ခေါ်ပြီး အမောတကော ရောက်လာတဲ့ သူတစ်ယောက် ...

"မင်း ... မင်း ... အမေ ... ဆုံး ဆုံးပြီ ... "

"ဟင် ..."

ကြားလိုက်ရတဲ့ သတင်းဆိုး တစ်ခုက သူ့ ခါးတွေကို အလန့်တကြား ထောင်မတ်စေခဲ့ပြီ။

"မေ … မေမေ …"

တစ်စုံတစ်ယောက် ကို တမ်းတစွာ အော်ခေါ်ရင်း နေရာမှ သွေးပျက် ချောက်ချားစွာ သူ ပြေးထွက် လိုက်မိတော့သည် ။

***

"…"

နားထဲ သဲ့သဲ့ကြားလိုက်ရတဲ့ အသံတစ်ခုကြောင့် အတိတ် အိပ်မက် ဆိုး တစ်ခုကနေ လင်း လန့်နိုးခဲ့ ရသည် ။ အသိစိတ်နဲ့ ခန္ဓာကိုယ်က ပစ္စုပ္ပန် ပြန်ရောက်တော့မှ နားထဲ တိုးဝင်နေတဲ့ အသံက ညှို့ရဲ့ စာကျက်သံမှန်း သိလိုက် ရသည် ။

ခေါင်းရင်း စားပွဲပေါ်က နာရီလှမ်းကြည့်မိတော့ မနက် ၄ နာရီတိတိ … သက်ပြင်းကို ခပ်ဖွဖွချရင်း ခေါင်းထဲကြီးစိုး နေတဲ့ အတိတ်ဆိုးတွေ အိပ်မက်ဆိုးတွေကို မောင်းထုတ် လိုက်သည် ။ စားပွဲပေါ်က ပါဝါမျက်မှန်လေး လှမ်းယူရင်း အိပ်ရာမှ ထကာ သူလည်း စာကြည့်စားပွဲ ဝင်ထိုင်လိုက်သည် ။ တက္ကသိုလ် နည်းပြ ဆရာတစ်ယောက် အနေနဲ့ သူ့မှာ လေ့လာရမှာ များ သည် လေ။

တိတ်ဆိတ်နေတဲ့ မနက်ခင်းတစ်ခု မှာ ညှို့ရဲ့ စာကျက်သံ တိုးတိုးလေးက သူ့အတွက် မနက်ခင်း အားဆေး တစ်ခွက်ပင် …

အင်း … ညီတောင် ၁၀ တန်းကျောင်းသား တစ်ယောက် ဖြစ် လာပြီ ကိုး … သူ့ထက် စာကြိုးစားသော … စာပိုတော်သော ညီလေး မိုးထက် ရှင်း က မိုးယံလင်း ဆိုတဲ့ သူ့ဘဝရဲ့ ရည်မှန်းချက် အိပ်မက်။ ညီ့ရဲ့ အနာဂတ်လေး လှပဖို့ အတွက် သူ ဘေးက အစွမ်းကုန် ပံ့ပိုးပေးရမည်။

ဒီနေ့ သင်ကြားရမယ့် ဘာသာရပ်တွေ လေ့ လာပြီးတာနဲ့ မနက် ၅ နာရီခွဲ တိတိ ထိုးနေပြီဆိုတော့ သူ စာအုပ်ကို ပိတ်ပြီး ချက်ချင်း နေရာမှ ထလိုက်သည် ။ ညီ့အတွက် နွားနို့ပူပူလေးတစ်ခွက် ထမင်းကြော်ပူပူလေး ပြင်ဆင်ခဲ့ပြီးတာနဲ့ သူ စိုက်ခင်းထဲ ဆင်းရမည်။

အပေါ်ရုံ အင်္ကျီလေး ကပျာကယာ ကောက်စွတ်၊ လျှာထိုးဦးထုပ်ကလေးကို လက်လှမ်း ယူလိုက်မိတော့ အရင်ကထက် ဖွေးသန့်နေတဲ့ ဦးထုပ်နဲ့ အင်္ကျီကြောင့် ညီလျှော်ထားပေးမှန်း သတိထားလိုက်မိသည် ။

သူက အလုပ်ထဲ ခေါင်းစိုက်နေတဲ့ သူဆိုတော့ ဒါတွေ သိပ်သတိမထားလိုက်မိ …

အသန့်ကြိုက်သော ညီက လျှော်ဖွပ် သန့်ရှင်းရေးနေရာမှာ တော့ သူ့ရဲ့ အုပ်ထိန်းသူ …

ဒီကောင်လေး စာမလုပ်ပဲ ဘာတွေ လိုက်လုပ်နေမှန်းမသိ …

အပြစ်သာ တင်လိုက်ရတာ သူ့ ရင်ထဲ ကျေနပ်ပီတိ ဖြစ်လို့ နေ၏။

"သား … စိုက်ခင်းထဲ သွားတော့မလို့ လားကွ …"

စက်ဘီးလေး တွန်းပြီး အိမ်ထဲက ထွက်လိုက်တာနဲ့ ခြံဝင်းထဲ တံမြက်စည်း လှဲနေတဲ့ အဘသောင်းကို လှမ်းမြင်လိုက်ရသည် ။

"ပေး ပေး … ဘဘ … ကျွန်တော် လှဲလိုက်မယ် … "

လက်ထဲက စက်ဘီးလေး အသာအယာ ပြန်ချ၊ အဘသောင်း လက်ထဲက တံမြက်စည်း လှမ်းယူလိုက်တော့ အဘသောင်း သူ့ လက်တွေကို ရှောင်ရှားရင်း ...

"နေပါစေ ... သားရယ် ... သွား သွား လုပ်စရာ ရှိတာလုပ် သွားစရာ ရှိတာသွား ..."

အဘသောင်း က ခွင့်ပေးလိုက်ပေမဲ့ သူ ဒီတိုင်းတော့ ထွက်မသွားနိုင် ။ အဘသောင်း ပုံထားတဲ့ အမှိုက်တွေကို မီးထိုင်ရှို့ပေးလိုက်သည် ။

တဖျစ်ဖျစ်နဲ့ တောက်လောင်နေတဲ့ မီးပုံလေးထဲ အမှိုက်ကလေး တွေ ထိုးဖွထည့်ရင်း ခေါင်းထဲ မတွေးပဲဝင် ရောက်လာသော အတွေးတစ်ခု ...

မိဘနှစ်ပါး ရှေ့ဆင့်နောက်ဆင့် ဆုံးပါးသွားပြီးကတည်းက ခိုကိုးရာမဲ့ခဲ့တဲ့ သူတို့ ညီအစ်ကို နှစ်ယောက်ကို နွေးထွေးတဲ့ လက်တစ်ဖက် ကမ်းပေးခဲ့သူက အဘသောင်း ...

အေးမြတဲ့ အဘသောင်းရဲ့ အရိပ်အာဝါသအောက်မှာ သူတို့ ညီအစ်ကို နှစ်ယောက် ဘာအပူအပင်မှ မရှိခဲ့ ... ညီမ အပျိုကြီးနဲ့ နှစ်ယောက်တည်း အေးဆေးစွာ နေတဲ့ အဘသောင်း ဆီမှာ မိသားစုလည်း ရှိပုံမပေါ် ...

သူ အဘသောင်းဆီ ရောက်ခဲ့တဲ့ ၁၀နှစ်အတွင်း အဘသောင်း ဆီ ဘယ်အမျိုးအဆွေမှ ရောက်မလာခဲ့ ...

အသက် ၇၀နား ကပ်နေပြီဖြစ်သော အဘသောင်းမှာ စိုက်ခင်းတွေထဲ လိုက်မကြီးကြပ် နိုင်တော့တာကြောင့် ထိုတာဝန်ကို သူ လွှဲပြောင်း ယူခဲ့ရသည် ။

"မင်းတို့ က ငါ့ရဲ့ သား ငါ့ရဲ့ အား တွေပေါ့ကွ ... မဟုတ်ဘူး လား ...

ဟား ဟား ... "

ညီလေးရဲ့ လစဥ်အကဲဖြတ် မှတ်တမ်းလေး ရလာတိုင်း ကျေနပ်ပီတိတွေ ဖြာပြီး ဝမ်းသာအားရ ဖြစ်နေတတ်တဲ့ အဘသောင်းက သူတို့ ညီအစ်ကိုနှစ်ယောက်ရဲ့ မိဘအုပ်ထိန်းသူ ဖြစ်ခဲ့ရပါသည် ။

"ရှင်းလေး အခြေအနေ ဘယ်လိုလဲ သား ... "

ရုတ်တရက် အဘသောင်းရဲ့ အမေးစကားကြောင့် သူ အတွေးယာဥ်ကြောထဲကနေ လန့်နိုးခဲ့ရသည် ။

"ဟို ... ကောင်းပါတယ် အဘ ... ရှင်းလေး က ပညာရေးမှာ စိတ်ချရပါတယ် ..."

"ဟုတ်ပါတယ်လေ ... ဒါနဲ့ သူ့အတွက် ဘာတွေများ လိုသေးလဲ သား ... ဒီနေ့ ကုန်ပို့ရမှာ ဆိုတော့ ... ရန်ကုန် တတ်ဖို့ ရှိတယ် ... ရှင်းလေး အတွက် လိုအပ်တာလေး မှာ လိုက်ချင်လို့ ..."

ရန်ကုန် ကုန်ပို့မယ် ဆိုတော့ သူ ခေါင်းတွေ ထောင်သွားသည် ။

"ဟုတ်လား ဘဘ ... အဲဒါဆို ကျွန်တော် လိုက်သွားဦးမှ ပါ ... ရှင်းလေး အတွက် အဝတ်အစားလေးနဲ့ စာအုပ်လေးတွေ ဝယ်ပေးရမှာ ... "

"အင်း ... အဲဒါဆို ညနေ ကျောင်းဆင်းအခေါက်နဲ့ လိုက်သွား ... ရှင်းလေးပါ ခေါ်သွား ... တော်ကြာ ဟိုတစ်ခါ ဝယ်လာသလို မတော်သရော်တွေ ဖြစ်ကုန်ဦးမယ် ... "

"ဟီး ... ဟုတ်ကဲ့ ဘဘ ..."

အဘသောင်း သတိပေးစကားကြောင့် သူ အရှက်ပြေ ရယ်ပြလိုက်မိ

သည် ။ ဟုတ်လည်း ဟုတ်သည် ။ တစ်နေ့တခြား ထွားလာတဲ့ ညီ့ရဲ့ size ကို အရင်ကလို သူ မမှန်းနိုင်တော့ ...

"အင်း ... ရှင်းလေးလို ... ဟိုကောင်မလေးလည်း လိမ္မာရင် ဘယ်လောက် ကောင်းမလဲ ..."

ညီ့ရဲ့ စာကျက်သံ တိုးတိုးလွင့်ပျံ့နေတဲ့ အိမ်လေးထဲကို လှမ်းကြည့်ပြီး အဘသောင်းရဲ့ တီးတိုး ရေရွတ်သံကြောင့် သူ အံ့သြသွားသည် ။

ဘယ်ကောင်မလေးကို ပြောတာပါလိမ့် ...။ စဉ်းစားမရပေမဲ့ သူ မမေးမိ။ သူ့ကို သိစေချင်ရင် အဘသောင်း အချိန်တန်အသိပေး မှာ ပဲလေ ။

***

ခေတ်မီသားနားသော ပုဂ္ဂလိက အထက်တန်းကျောင်းရှေ့ အိခနဲ ထိုးစိုက်လာတဲ့ အနက်ရောင် ဇိမ်ခံကား တစ်စီး ...

"ဟာ ... ဟေ့ကောင်တွေ ... ကွင်း ... ကွင်း ဒီနေ့ ကျောင်းလာတယ် ... "

"ဘာလဲဟ ... ဘယ်က ကွင်းလဲ ... "

"အာ ... ကွင်းလေ ... ဧကရီကွင်း ..."

"ဘာ ... ဘယ်မှာ ... ဘယ်မှာ လဲ ... ငါ့ရဲ့ ဧကရီလေး ..."

"နင့်အမေက ဟိုမှာ ... ငနာရဲ့ ..."

အနက်ရောင်ကားကို မြင်တာနဲ့ လှုပ်လှုပ်ရှားရှား ဖြစ်သွားတဲ့

ကျောင်းသားများ ... ထို့အပြင် ...

"ဟဲ့ ဟဲ့ ... ဧကရီကွင်း ... ဒီနေ့ ကျောင်းလာတယ် ... ဟ ..."

"ဟယ် ... တကယ် ... ဘယ်မှာ ... ဘယ်မှာ လဲဟ ... "

"ဟိုမှာ လေ ... သူ့ရဲ့ အမိုက်စား ကားကြီး ..."

"ဟုတ်ပ ... ကြည့်စမ်း ..."

ကျွက်စီကျွက်စီ ဆူညံပွက်လောရိုက်သွားတဲ့ ကျောင်းသူတစ်သိုက် ...

"ကျစ် ... ကျစ် အာရုံတွေပါလား ... "

ကားအနားမှာ ပြူတစ်ပြူတစ် လုပ်နေကြတဲ့ ကျောင်းသူ/သား အချို့ကို ကြည့်ပြီး ကွင်း စိတ်ပျက်လက်ပျက် စုတ်တစ်ချက် သပ်လိုက်သည် ။

"ကြည့်ပါဦး စိတ်ပျက်ဖို့ ကောင်းလိုက်တာ ..."

ကွင်း ကားထဲမှ ထွက်အလာကို တိုးဝှေ့စောင့်နေကြသော လူအုပ်ကို ကြည့်ပြီး ကွင်း သေချင်သွားသည် ။

"မမလေး ပြုံးပြုံးလေးလေ ... ပြုံးပြုံးလေး"

အလိုက်ကန်းဆိုးမသိ သတိပေးနေတဲ့ Driver ဦးမိုး ဆီကို မျက်စောင်းတစ်ချက် လှမ်းထိုးရင်း အနည်းငယ် မသေမသပ် ဖြစ်နေတဲ့ ကျောင်းအင်္ကျီကို အသာအယာ ပြင်ဆင်လိုက်သည် ။

"ကျစ် ... စိတ်ပျက်လိုက်တာ ဒီ ၁၀ တန်း မအောင်တော့ ဘာဖြစ်လဲ တက္ကသိုလ် ဆက်မတက်ရတော့ ဘာဖြစ်လဲ ... ဧကရီကွင်းက ပညာရေးနဲ့ လုပ်စားမှာ ကြနေတာပဲ ဒက်ဒီ တို့ ကတော့လေ ..."

တစ်ယောက်တည်း ပွစိပွစိနဲ့ make up ဘူးလေး ကောက်ဖွင့်ပြီး အပြစ်အနာအဆာ ကင်းနေတဲ့ မျက်နှာ ဖူးဖူးလေးအပေါ် ဟိုပုတ်ဒီပုတ်

လုပ်လိုက်သည် ။ ဝိုင်းစက်စက် မျက်ဝန်းနက်နက်လေးနဲ့ ပန်းနုရောင် နှုတ်ခမ်း ထွေးထွေးလေးက အကူအညီ ထပ်တင်စရာ မလို။ နီညိုရောင် ဆံပင် ခွေခွေလေးတွေထဲ လက်ထိုးထည့်ကာ အသာအယာ သပ်တင်ပြီး ဖွလိုက်တော့ ပြည့်စုံသွားပြီ။

"ကွင်း ..."

ဧကရီကွင်း ဆိုတာ တကသစ်စ ဆယ်ကျော်သက် မော်ဒန်တစ်ဦး ...

လှပပြီး ဆွဲဆောင်မှု ကောင်းတဲ့ သူမအလှကြောင့် ပုရိသ ယောကျ်ား လေးတွေရဲ့ စွဲလမ်းရာ၊ ရွယ်တူ မိန်းကလေးများ ရဲ့ အိပ်မက် ...

ပြည့်စုံတဲ့ ကွင်းရဲ့ အလှက A+၊ ကြွယ်ဝတဲ့ ကွင်းရဲ့ ချမ်းသာမှုက A+၊ နိုင်ငံကျော် တရားသူကြီး ဦးမင်းထင်ရဲ့ တစ်ဦးတည်းသော သမီးဆိုတဲ့ ဂုဏ်က A+ ပြီးပြည့်စုံ သော ဧကရီ ကွင်း ဘဝက A+

ထိုနည်းတူ ... ကွင်း နေကာမျက်မှန်လေး ကောက်တပ်ပြီး ကား တံခါး လာဖွင့်မယ့် ဦးမိုးကို အဆင်သင့် စောင့်နေလိုက်သည် ။

ကြီးကျယ်ခြင်းကလည်း A+

"ကွင်း ... ဧကရီကွင်းဟ ... လှရက်လိုက်တာ ..."

"ငါ့နှလုံးသားထဲက ကွင်းလေး ... ကွင်း ... "

ကားတံခါးပွင့်ပြီး သူမကိုမြင်တာနဲ့ အသည်းအသန် အော်ဟစ် နေကြသော ကျောင်းသားများကို ကွင်း စိတ်ပျက်လက်ပျက် ကြည့်ပြီး ကား ပေါ်က ဆင်းဖို့ ပြင်လိုက်သည် ။

"ဟင် ..."

ကားပေါ်က ခြေချဖို့ အပြင်မှာ မြင်လိုက်ရတဲ့ အရာတစ်ခုကြောင့် ကွ

င်း ရဲ့ ဒေါသကထောင်းခနဲ ... ကြည့်စမ်း ...။ ဇကေရီကွင်း ခြေချမယ့်နေရာမှာ ညိုညစ်ညစ် ဖွက်အိုင်တစ်ခုပါလား။ ထို ဖွက်အိုင်သေးသေးလေးက ကွင်းရဲ့ ဖြူဖွေးသွယ်လျတဲ့ နီညိုရောင် ကတ္တီပါဖိနပ်စီး ခြေထောက်လေးကို တန့်သွားစေသည် ။

"ဦးမိုး ..."

ကွင်း ရဲ့ ဒေါသတကြီး အော်သံကြောင့် ဦးမိုး အလန့်တကြား ဖြစ်သွားသည် ။

ဒေါသကလည်း A+

"ဟင် ဘာလဲ မမလေး ... "

"ဒီမှာ ဒါဘာကြီးလဲ ..."

"ဖွက်အိုင် သေးသေးလေးလေ မမလေး လာ ... ကျော်ဆင်း လိုက်လေ ဦးမိုး လက်ကိုတွဲလိုက်"

ဦးမိုး ကမ်းပေးတဲ့ လက်ကို ကွင်း ဖျတ်ခနဲ ပုတ်ချရင်း

"မလိုချင်ဘူး ... အခုချက်ချင်း ကားကို နေရာရွှေ့ပေး အခုချက်ချင်း"

"အာ ... ဟုတ် ဟုတ်ပါပြီဗျာ ရွှေ့ ရွှေ့ပေးပါ့မယ်"

ကားပေါ်ကနေ ဆွေ့ဆွေ့ခုန် အော်ဟစ်လိုက်တာနဲ့ ဦးမိုး ကပျာကယာ ကားအမြန် နေရာရွှေ့ရ၏ ... အင်း ... ကွင်းရဲ့ ဘဝင်ကလည်း A+

ကွင်း စိတ်တိုင်းကျ နေရာရွှေ့ပေးပြီးမှ သကောင့်သမီးက ကားပေါ်ကနေ ကျော့ကျော့လေး ဆင်းလာ၏။ ခေါင်းကိုမော့ ရင်ကိုကော့ လျှောက်လာတဲ့ ကွင်းရဲ့ ခြေလှမ်းတွေက ယုံကြည်မှုအပြည့် ...

"ကွင်း ... ကွင်း ဓာတ်ပုံလေး တစ်ပုံလောက် တွဲရိုက်ခွင့်ပေးပါလား"

"ကွင်း အော်တိုလေး တစ်ချက်လောက်"

ကျောင်းဝန်းထဲ ခြေချလိုက်တာနဲ့ ကမ္ဘာပျက်သည့် အလား ပျာယာခတ်သွားတဲ့ ပတ်ဝန်းကျင် ... စိတ်ပျက်စရာ ...။ အဲဒါကြောင့် ကွင်း ကျောင်းမတက်ချင်တဲ့ ဟာကို ...

"ဒီနှစ် တက္ကသိုလ်ဝင်ခွင့် စာမေးပွဲ မအောင်လို့ ကတော့ အိမ်ပေါ်က ဆင်း မိကွင်း" ဆိုတဲ့ ဒက်ဒီ့ရဲ့ တစ်ချက်လွှတ် အမိန့် ...

"ကျောင်းပြန်မတက်ရင် ထပ်ပြီး အနုပညာအလုပ် မလုပ်ရ" ဆိုတဲ့ မာမီ့ရဲ့ ချုပ်ချယ်မှုအောက်မှာ ကွင်း မလှုပ်သာ မရုန်းသာ စူစူပုပ်ပုပ်နဲ့ ကျောင်းပြန်ရောက်လာပြန်သည်။

ကွင်း အနားဝိုင်းနေတဲ့ လူတွေကို အချေတစ်လိုင်း အဖက်မလုပ်ပဲ ကျောင်းထဲ လှမ်းဝင်ခဲ့လိုက်သည်။

ဆက်ဆံရေး ကျဲခြင်းကလည်း A+

"ဧကရီကွင်း ... လာစမ်းပါဦး"

မြောက်ကြွမြောက်ကြွနဲ့ ကျောင်းထဲဝင်လာတုန်း ကွင်း ရှေ့ပိတ်ရပ်လိုက်တဲ့ ဆရာမကြောင့် ခြေလှမ်းတွေ ပျက်သွားသည်။

"ဟီး ... ဆရာမ"

မချိသွား ဖြဲလေးနဲ့ မျက်နှာချို သွေးလိုက်ပေမဲ့ မရ ...

"လာခဲ့ ကျောင်းကို တစ်လနေမှ တစ်ခါ လာတက်တဲ့ မမ လာခဲ့စမ်း ..."

"အ ... အ ဆ ဆရာမ ဖြည်းဖြည်း ..."

ချက်ချင်း ဆရာမလက်ထဲ ရောက်သွားတဲ့ ကွင်းရဲ့ ဘယ်ဘက်

နားရွက် ...

"လာခဲ့ ရုံးခန်းလိုက်ခဲ့ မမ"

ဆရာမ ဆွဲခေါ်ရာနောက် ကွင်း ခမျာ ကန့်လန့်ကန့်လန့် ပါသွား၏။

***

"ဖြန်း"

စားပွဲပေါ် ဖြန်းခနဲ ရောက်လာတဲ့ ကွင်း ရဲ့ အရင်လ အကဲဖြတ်မှတ်တမ်းကို ကွင်း အသာအယာပဲ လှမ်းကြည့်လိုက်သည် ။

"ကဲ ပြောစမ်းပါဦး ဒီအဆင့်ကနေ ညည်းဘယ်အချိန် တက်မှာ လဲ ... "

မြန်မာစာ C ၊ အင်္ဂလိပ်စာ D ၊(မကောင်းတတ်လို့ ပေးထားတာဖြစ်မည် ကွင်း ဖြေထားပုံမျိုးနဲ့ ဆို F တောင် '- ' ပြနေလောက်သည် ... )။ ကျန်တဲ့ ဘာသာ အကုန် C (all C ) ...

အင်း ... ဧကရီကွင်းရဲ့ ပညာရေးကတော့ D-

"ကဲ ပြောစမ်းပြောစမ်း ဒီပုံအတိုင်း ညည်း ဒီနှစ်လည်း အောင်ပါ့မလား မိဧကရီကွင်းရဲ့ "

ကွင်း ရဲ့ မျက်နှာရှေ့ကို တဖျတ်ဖျတ် ရောက်လာတဲ့ MRC စာရွက်ကြီး ...

"ဆရာမ ကလည်း တစ်ဘာသာပဲ D ရတာပါ ... စိတ်ချ ဒီနှစ်အောင်မှာ ပါ ..."

"ညည်း အဲလိုပြောတာ မနှစ်ကတည်းကလေ ... အပိုတွေမပြောနဲ့ အပြင်ဖြေ မဖြစ်ချင်ရင် မနက်ဖြန်ကစပြီး ကျောင်းချိန် မှန်အောင်တက် ဒါပဲ"

လာပြန်ပြီ တစ်ချက်လွှတ် အမိန့် ...

"ကဲ ... ကြွတော့ မမ ..."

ကြည့် ခေါ်တုန်းက အတင်းဆွဲခေါ် လာပြီး နှင်ချင်တော့လည်း ချက်ချင်းပါလား။ ကွင်း နှာခေါင်းလေးရှုံ့ ခေါင်းတွေ တဗျင်းဗျင်းကုတ်ပြီး ဆရာမရှေ့က ကုပ်ကုပ်လေး ထွက်ခဲ့လိုက်သည် ။

"Yo ... ငကွင်း ... "

ဆရာမ ရုံးခန်းထဲက ထွက်လာတာနဲ့ ကွင်း ဆီခုန်ပေါက်ပြီး ရောက်လာတဲ့ ဆုဇီမ ... ကွင်းနဲ့ စိတ်တူကိုယ်တူ သူငယ်ချင်းမ ...

"ပျောက်လှချည်လား ... ငကွင်းရ ... "

ဆုဇီမက တွေ့တာနဲ့ သူ့ထုံးစံအတိုင်း ကွင်းရဲ့ ဆံပင် ခွေခွေလေးတွေထဲ လက်ထိုးထည့်ပြီး ဆော့နေပြန်သည် ။

"အင်း ... shooting တွေ ဆက်နေလို့ ... "

"ကျွတ် ... ကျွတ် ငါ့အသည်းလေး သနားပါတယ် ... ပင်ပန်းနေပြီမလား ..."

"နည်းနည်းပါ ..."

"မဖြစ်သေးပါဘူး ... ငါ့အသည်းကို စိတ်အပန်းဖြေ ပေးရမှာ ပေါ့ ..."

"ဘယ်လိုတုန်း ... "

မို့ ရထားသလို ရွှင်မြူးနေတဲ့ ဆူဇီရဲ့ မျက်နှာကိုကြည့်ပြီး ကွင်း အူကြောင်ကြောင်လေး ဖြစ်သွားသည် ။ ဆူဇီ ဘေးဘီ တစ်ချက် ဝေ့ကြည့်ရင်း ...

"ညနေ D Sai ရဲ့ ပွဲ ရှိတယ် ... "

"ဟယ် ... တကယ် ..."

နားနားတိုးကပ်ရင်း ပြောလိုက်တဲ့ ဆူဇီစကားက ကွင်း ကို အူမြူးသွားစေသည် ။ D Sai ...။ D Sai ဆိုတာ ကွင်းရဲ့ Idol စစ်စစ် ...

"အင်း ... အားလုံး အဆင်သင့် ... ညနေ ကျောင်းဆင်းတာနဲ့ လစ်မယ် ... Ready လား ... "

" D Sai ဆိုမှ တော့ မေးစရာလိုသေးလား ... Ever Ready ပဲ ... "

ဒီလိုနေရာမျိုးမှာ ကွင်း နဲ့ ဆူဇီ က တိုင်ပင်စရာမလို ...

"ကဲ ... ရိုက်လိုက်ပါဦး ..."

"ဖြန်း ... "

***

# အခန်း(၂)

"ဦးမိုး ... ကွင်း မှာ တာပါလား ... "

ကျောင်းဆင်းတာနဲ့ လာကြိုတဲ့ ကားပေါ် ဆွေ့ခနဲ့ တက်ထိုင်ရင်း ကွင်း အမောတကော မေးလိုက်မိတော့ ဦးမိုး ကွင်း အနားက ကျောပိုး အိတ် တစ်လုံးကို မေးငေ့ါ ပြ၏။

"အဲဒီမှာ မမလေး ပြောတဲ့ အတိုင်း မိအေး ကိုထည့်ခိုင်း ထားတာပဲ ဟုတ်မဟုတ် ကြည့်လိုက်ဦး ... "

ကွင်း ကပျာကယာ ကျောပိုးအိတ်လေးထဲ ဖြကြည့်မိတော့ အိတ်ထဲ မှာ သူမ မှာ တဲ့ အတိုင်း ကွက်တိ ...

ဒူးနားကွဲ ပေါင်နားပြဲနေတဲ့ အနက်ရောင် ဂျင်းသား ဘောင်းဘီအကျ ပ်ရယ်၊ ကြိုးတစ်လုံး ဆွဲသားအဖြူရောင် အင်္ကျီလေးရယ်၊ ကွင်းတကြိုး တွေနဲ့ ရှုပ်ယှက်ခတ်နေတဲ့ ကုတ်တစ်ထည်ရယ်၊ Fancy ပစ္စည်းအစုံ၊ အောင်မယ် မမှာ လိုက်တဲ့ အနက်ရောင်လျှာထိုး ဦးထုပ်နဲ့ နေကာမျက်မှ န်တောင် မိအေးမက ထည့်ပေးလိုက်သေး။ ဘယ်ဆိုးလို့ တုန်း။

လိုချင်တာရတာနဲ့ ကွင်း ကျောပိုးအိတ်လေး လွယ်ပြီး ကားပေါ်က ပြ န်ဆင်းလိုက်သည် ။

"ဒက်ဒီတို့ အိမ်မှာ မရှိတာ သေချာတယ်နော် ဦးမိုး ..."

"ကျွန်တော် ထွက်မလာခင် ဆရာကော ဆရာကတော်ပါ ပန်းချီပြပွဲ ရှိတယ်ဆိုပြီး ထွက်သွား ကြတာပဲ ... "

"Ok ကောင်းတယ် ... မိအေးကို ပြောထားလိုက်ဦး ... ခြံတံခါးဖွင့်ပြီး စောင့်နေလို့ အိပ်မပျော်စေနဲ့ ဦးလို့ ...  သိလား ဦးမိုး ..."

"ဟုတ်ကဲ့ပါ ... ဒါပေမဲ့ မမလေး ... ညမိုး မချုပ်ပါစေနဲ့ ... မိန်းက လေး တစ်ယောက်တည်း အိမ်ပြန်မိုးချုပ်ရင် မကောင်းဘူး မမလေး ... "

လာပြန်ပြီ။ သွားတောင် မသွားရသေး ချုပ်ချယ်မှုတွေ ကြားရပြန်ပြီ။ ဒိုင်းခနဲ မျက်စောင်း တစ်ချက် လှမ်းထိုးလိုက်မိပေမဲ့ ပါးစပ်ကတော့ ...

"အင်းပါ ... သိပါတယ် ... ပြီးတော့ တစ်ယောက်တည်း မဟုတ်ပါ ဘူး ... သူငယ်ချင်း ပါပါတယ်. ဒါပဲမလား ... သွားတော့မယ် ... "

ကျောပိုးအိတ်လေး ကောက်လွယ် အနက်ရောင် ဦးထုပ်လေး ခပ် စိုက်စိုက်စောင်းရင်း ကွင်း  ကျောင်းနံဘေးမှာ ရပ်စောင့်နေတဲ့ ဆူဇီမဆီ အပြေးလေး လှမ်းသွားလိုက်သည် ။

ကဲ ... ဒီည Idol D Sai ရဲ့ ပွဲမှာ အသားကုန် ကဲမယ်ကွ ...

လက်သီးလက်မောင်း တန်းကြွေးကြော်ပြီး ကွင်း စိတ်တွေအကုန် လွှင့်ထုတ်ဖို့ ပြင်ဆင် ထားလိုက်သည် ။

***

မျက်စိရှေ့က တိုက်ခန်းတစ်ခုရဲ့ တံခါးဝကို ကြည့်ပြီးကွင်း မျက်မှော င်တွေ ကြုတ်ဝင်သွားသည် ။

"ဆူဇီ ..."

"ဟင် ... "

"နင် ပြောတော့ D Sai ရဲ့ ပွဲဆို ... "

"အေးလေ ... "

"Show ပွဲက ဒီလို ချောင်ကြို ချောင်ကြား တိုက်ခန်းမှာ လုပ်ရသလားဟ ..."

"အာ ... နင့်ကို Show ပွဲလို့ မပြောမိပါဘူး ... "

"ဘာ ... နင်ပြောတော့ D Sai ရဲ့ ပွဲဆို ... "

"ဟုတ်တယ်လေ ... D Sai ရဲ့ ပွဲ ... ဒါပေမဲ့ Show ပွဲ မဟုတ်ဘူး ... "

"အာ ... နင့်ဟာက ဘာတွေလဲ ... "

ဆူဇီ့ စကားကြောင့် ကွင်း အာရုံစားသွားသည် ။

"Relax ကွင်း ရ ... နင့်ကို စိတ်အပန်းဖြေအောင် ခေါ်လာတာ ... ဒီနေရာက ..."

ပြောလည်း ပြော တိုက်ခန်းရဲ့ လျှို့ဝှက် pin number ကို နှိပ်ပြီး ဆူဇီ အခန်းတံခါးကို တွန်းဖွင့်လိုက်သည် ။

"D Sai ရဲ့ Paradise ..."

"ဟင် ..."

ဖွင့်ဟသွားတဲ့ တိုက်ခန်း တံခါးနောက်က မြင်ကွင်းတစ်ခုက ကွင်းကို ကြက်သေ သေသွားစေသည် ။

***

အလင်းဖျော့နေတဲ့ တိုက်ခန်းတစ်ခုထဲမှာ ကွင်းနဲ့ ရွယ်တူ ဆယ်ကျော်သက် ကောင်လေး/ ကောင်မလေးများ ... အထက်တန်းကျ ခေတ်ဆန်ဆန် ဝတ်စားထားမှုများကြောင့် အားလုံးက ပိုက်ဆံရှိ အသိုင်းအဝိုင်းကမှန်း သိသာလှသည် ။

ဒါပေမဲ့ သူတို့ အားလုံး ကိုယ့်ခန္ဓာ ကိုယ်တောင်မရပ်တည်နိုင်။ ပြိုလဲ မိန်းမောလျက်။ တစ်ခုခုက သူတို့ ကို မိန်းမော ထားစေသည် ။

"လာ ... ကွင်း ... အထဲမှာ D Sai ရှိတယ် ..."

ဖျတ်ခနဲ ကွင်းရဲ့ လက်ကို ဆွဲပြီး အထဲဝင်သွားတဲ့ ဆူဇီနောက် ကွင်း ယောင်အမ်းအမ်းလေး ပါသွားမိသည် ။ ကြမ်းပြင်အနှံ့ ပြည့်နေသော ဝိုင် ပုလင်း အလွတ်များ ၊ ပြီးတော့ အခန်းထဲ ပြည့်သိပ်နေတဲ့ ဆေးလိပ် အခိုးအငွေ့များ ကြားထဲ ကွင်း အသက်ရှူကြပ်လာသည် ။

"တော်ပြီ ... ဆူဇီ ငါပြန်တော့မယ် ... "

"ဟာ ... ဟဲ့ ကွင်း ... "

ဆူဇီ့ လက်ကိုဆောင့်ရုန်းရင်း စိတ်ပျက်စရာကောင်းတဲ့ ထိုနေရာမှ ကွင်း ပြန်လှည့် ထွက်ဖို့ အပြင် ...

"Wow wow ဒါ ဘယ်သူလေးပါလိမ့် ..."

ဖျတ်ခနဲ ကွင်းရဲ့ ပခုံးပေါ် ရောက်လာတဲ့ လက်မောင်းတစ်ဖက်၊ ပြီး တော့ ရလိုက်တဲ့ စီးကရက်နံ့ ပြင်းပြင်း၊ ပိုင်စိုးပိုင်နင်း လာရောက် ထိပါး သူကြောင့် ကွင်း ဒေါသက ထောင်းခနဲ ... ဆတ်ခနဲ ထိုသူ့ လက်ထဲက

ရှန်းထွက်ရင်း မျက်နှာချင်း ဆိုင်လိုက်မိတော့ မြင်လိုက်ရသူက D Sai ...

ကွင်း အံ့သြ သင့်သွားသည် ။ သူမ အထင်ကြီး လေးစားခဲ့ရတဲ့ Idol တစ်ယောက်ရဲ့ စိတ်လွတ် ကိုယ်လွတ် ပုံရိပ်က စိတ်ပျက်ဖွယ် အတိ။ D Sai က လက်ထဲက စီးကရက်ကို ရှိုက်ဖွာရင်း ကွင်း ကို မေးကျဉ်းနေတဲ့ မျက်ဝန်းအစုံနဲ့ စိုက်ကြည့်ပြီး ...

"ကွင်း ပါလား ... ဧကရီကွင်း လေးပါလား ... ကြည့်စမ်း ဒီလို အလှပဂေးလေးက D Sai ရဲ့ Fan စစ်စစ်ဆိုတော့ ပျော်ပြီလေ ... လာ ... sweet လေး ... လောကရဲ့ တကယ့် Paradise အစစ်ကို ပြပေးမယ် ..."

တည်ငြိမ်မှု မရှိတဲ့ D Sai ရဲ့ မျက်ဝန်းတွေကို ကွင်း မကြိုက် ...

ချက်ချင်း ကွင်း ပခုံးပေါ် ထပ်လှမ်းလာတဲ့ လက်တစ်ဖက်ကို ဖျတ်ခနဲ ပုတ်ထုတ် ဖယ်ရှားလိုက်သည် ။

"Sorry ပဲ ... ငါက D Sai ရဲ့ အနုပညာကို မြတ်နိုးတာ ဒီလို ဆေးသမား အပေအတေ D Sai ရဲ့ Fan  မဟုတ်ဘူး ... ငါ လာတာ နေရာ မှားသွားပြီ ... ငါ ပြန်မယ် ဆူဇီ ..."

အနားမှာ ကုပ်ကုပ်လေး ရပ်နေတဲ့ ဆူဇီ့ကို နှုတ်ဆက်ပြီး လှည့်အထွက် ...

"ဟင် ..."

ခုနက မှိန်းမောနေတဲ့ လူတွေအကုန် တအိအိ ထလာကြပြီး ကွင်း ရဲ့ ထွက်ပေါက်ကို ပိတ်ဆို့လိုက် ကြသည် ...။

"ဒီနေရာကို ဝင်ချင်တိုင်းဝင် ထွက်ချင်တိုင်း ထွက်လို့ ရတဲ့ နေရာများ မှတ်နေလား ... ဧကရီကွင်း ... "

ရုတ်တရက် သားရဲတွင်းထဲ ပြုတ်ကျသွားတဲ့ ယုန်တစ်ကောင်လို ကွင်း ဘာလုပ်ရမှန်း မသိဖြစ်သွားသည် ။ မှားပြီဆိုတဲ့ အသိတစ်ခုက နောက်ကျမှ ခေါင်းထဲ ရောက်လာသည် ။ ရင်ထဲ စိုးထိတ်သွားပေမဲ့ ထိုခံစားချက်ကို မျက်နှာပေါ် မပေါ်အောင် ထိန်းချုပ်ထားလိုက်သည် ။ နံဘေး မှာ ဆူဇီ များ ရှိနေမလားလို့ အားကိုးတကြီး လှမ်းကြည့်လိုက်တော့ မယ်မင်းကြီးမက ဝိုင်တစ်ခွက် လက်ထဲကိုင်ပြီး ဆိုဖာတစ်ခုမှာ အေးအေးဆေးဆေး ဝင်ထိုင်နေ၏။

"ကဲပါ ကွင်းရယ် အတိုက်အခံ တွေလုပ်ပြီး မူမနေပါနဲ့ တော့ ... လာ D Sai ကိုယ်တိုင် ဝိုင်ငှဲ့ ပေးမယ် ..."

ဒုတိယအကြိမ် သူမ ခန္ဓာကိုယ်ကို လာရောက်ထိပါးတဲ့ D Sai ရဲ့ ရမ်းကားမှု၊ ကွင်း အံကို တင်းတင်းကြိတ်ရင်း ပတ်ဝန်းကျင်ကို ဝေ့ကြည့်လိုက်မိသည် ။

ထွက်ပေါက်။ သူမ ဒီငရဲတွင်းကနေ အမြန် ထွက်ပေါက်ရှာရမည်။ ဝင်လာတဲ့ နေရာကတော့ မဖြစ်နိုင်တော့ ...

"ဟင် ... "

D Sai ကမ်းပေးတဲ့ ဝိုင်ခွက်ကို လှမ်းယူရင်း ဖျတ်ခနဲ တွေ့လိုက်တဲ့ ပြတင်းပေါက် ...

ပြတင်းပေါက်ကို တွေ့တာနဲ့ ကွင်း ခေါင်းကိုချက်ချင်း အလုပ်ပေးလိုက်သည် ။ ဖျတ်ခနဲ D Sai လက်ထဲက ဝိုင်းပုလင်းကိုယူ ...

"ဒါဆိုလည်း ... ကွင်း တို့ နှစ်ယောက်တည်း ပျော်ကြမယ်လေ ..."

လှပသော အပြုံးတစ်ချက်နဲ့ D Sai ရဲ့ လက်ကို ဆွဲရင်း ကွင်း ပြတင်းပေါက်ရှိရာ နေရာကို ထွက်ခဲ့လိုက်သည် ။

"Wow ... ဖြည်းဖြည်းလေ ... ကွင်းရဲ့ ..."

ကွင်းရဲ့ အကြံကို မရိပ်မိတဲ့ D Sai ရဲ့ လက်ထဲ ဝိုင်တစ်ခွက် ငှဲ့ထည့်ပေးပြီး ... ပြတင်းပေါက်ကနေ အောက်ကို

တစ်ချက် စောင်းငဲ့ ကြည့်လိုက်သည် ...

သုံးထပ်တိုက်ခန်း နေရာမို့လို့ မြေပြင်နဲ့ တော်တော် ဝေးကွာလွန်းလှ၏။ သို့ပေမဲ့ ကွင်း အဆင်သင့် သွားစေတာက ပြတင်းပေါက် တည့်တည့်နေရာမှာ ရပ်ထားတဲ့ နောက်အမိုး မပါသော ကုန်တင်ကား တစ်စီး ...

ကွင်း ရလာတဲ့ အခွင့်အရေးတစ်ခုကို အမိအရ အသုံးချလိုက်သည် ...

"ကဲဟာ ..."

"ခွမ်း."

"အ ..."

လက်ထဲက ဝိုင်ပုလင်းနဲ့ အနားက D Sai ရဲ့ ခေါင်းကို အားကုန် လွှဲရိုက်ပြီး D Sai အငိုက် မိသွားတာနဲ့ ...

ကွင်း ... ပြတင်းပေါက်ပေါ် လွှားခနဲပြီး အောက်က ကုန်တင်ကားပေါ် ဆတ်ခနဲ ခုန်ချလိုက်သည် ...

"ဟင် ..."

"ဝုန်း ... "

အသည်းထဲ လှစ်ခနဲ အေးတက်သွားတဲ့ ခံစားချက် နောက်မှာ ကွင်းရဲ့ ခန္ဓာကိုယ် ကုန်တင်ကားကြီးပေါ်က အထုပ်တွေကြားထဲ အရှိန်ပြင်းပြင်း ပြုတ်ကျသွားသည်

"ဟင် ... ဘာ ဘာတွေလဲ ..."

အိစက်စက် အထုပ်တွေ ခံနေတာကြောင့် အကျမနာပေမဲ့ ထိုအထုပ်တွေထဲက ထွက်လာတဲ့ ပျစ်ချွဲချွဲ အရည်တွေက ကွင်း တစ်ကိုယ်လုံးကို ပေကျံကုန်သည် ...

ချဉ်စုတ်စုတ် အနံ့တစ်ခု ရတော့ ကွင်း အလန့်တကြား လဲနေရာမှ ထရပ်လိုက်မိသည် ...

ဒါ ဒါတွေက ...

"ခရမ်းချဉ်သီးတွေလား ... "

ရောက်နေတဲ့ ပတ်ဝန်းကျင် တစ်ချက်ဝေ့ကြည့်မိတော့ ... ဟုတ်သည် ... သူမ ဟင်းသီးဟင်းရွက် တင်လာတဲ့ ကုန်တင်ကားကြီးပေါ် ခုန်ချခဲ့မိတာကိုး ...

"ဟင် ... မင်း မင်း ... ဘာလုပ်တာလဲ ... "

ဝုန်းဒိုင်းကြဲသွားတဲ့ အခြေအနေကြောင့် ကားပေါ်အပြေး ရောက်လာတဲ့ ကောင်လေးတစ်ယောက် ... မာဆတ်သော အသံ မဟုတ်သလို နူးညံ့မှုလည်း ကင်းမဲ့နေတဲ့ အမေးစကားတစ်ခွန်း ... ပြီးတော့ မြင်လိုက်ရတဲ့ မျက်နှာတစ်ခု ...

ဖြူနုတဲ့ မျက်နှာပြင်ပေါ်က တအံ့တဩ ပြူးကျယ်နေသော အနက်ရောင် မျက်ဝန်းတစ်စုံ ... အနက်ရောင် မဆန်သော ဆံနွယ် ပျော့ပျော့လေးတွေက အနက်ရောင် မျက်ခုံးထူထူလေးအပေါ် အုပ်မိုးဖြာကျလို့ နေ၏ ...

ဖြောင့်စင်းတဲ့ နှာတံထိပ်က ထင်ထင်ရှားရှား ပေါ်လွင်နေတဲ့ မှဲ့နက်ကလေး တစ်လုံး ... ပြီးတော့ ... ခပ်ဟဟ ပွင့်ဟနေတဲ့ ပန်းနုရောင်သန်း

နူတ်ခမ်းပါး တစ်စုံ ...

ရုတ်တရက် မြင်လိုက်ရတဲ့ မျက်နှာတစ်ခုကို ကွင်း ငေးသွားမိသည် . .. ဘယ်နှယ့် ယောကျ်ား လေးတစ်ယောက်က ဘာလို့ များ အဲလောက် တောင် ကြည့်ကောင်းနေရတာပါလိမ့် ...

"ဟေ့ ... ငါ မေးနေတယ်လေ ... မင်း ဘာလုပ်နေတာလဲ ... ကြည့် စမ်း ... ငါတို့ ကုန်တွေ မင်းကြောင့် ပျက်စီးကုန်ပြီ"

သူ့ဆီက ထပ်ထွက်လာတဲ့ ဘုဆတ်ဆတ် အပြစ်တင်သံ ... ကိုယ့် ထက်ငယ်မယ့် ကောင်လေး တစ်ယောက်ဆီက ခက်ထန်ထန် စကား ကြောင့် ကွင်း ခံပြင်းသွားသည် ...

"အောင်မာ ... ဒီ အပုပ်အသိုး တွေကိုများ ရေးကြီးခွင်ကျယ် လုပ်နေ တယ် ပြော ... နင့် ဟာတွေက ဘယ်လောက်တန်လို့ လဲ ... ချက်ချင်း လျော်ပေးမယ် ..."

"ဘာ ... ဘာပြောတယ် ... အပုတ်အသိုး ဟုတ်လား ..."

"ဟုတ်တယ်လေ ... အလကား ရှုံ့စရာတွေ ..."

စိတ်ပျက်စရာ အခြေအနေတစ်ခုမှာ ကွင်း ထွက်သွားတဲ့ စကားတွေ ကို ပြန်မထိန်းမိ ... သူမ စကားတွေနောက်မှာ ခက်ထန် တင်းမာသွား သော ကောင်လေးရဲ့ မျက်နှာ ... ကွင်း ဂရုမစိုက်ပဲ ပိုက်ဆံအိတ်ထဲက ပို က်ဆံတစ်ထပ် ဖြန်းခနဲ ဆွဲထုတ်ပြီး ...

"ရော့ ... ဒီလောက်ဆို နင့်အပုပ်အသိုးတွေအတွက် ... လုံလောက် ရောပေါ့ ..."

"တောက် ..."

သူမအပြုအမူက ကောင်လေးကို ပိုဒေါသ ထွက်သွားစေသည် ... ဖျတ်ခနဲ သူမရဲ့ ပိုက်ဆံကိုင်ထားတဲ့ လက်ကောက်ဝတ်ကို တင်းကျပ်စွာ ဆုပ်ကိုင်လိုက်သော ကောင်လေး ...

"နင် သိလား ... နင် ပြောတဲ့ အဲဒီ အပုပ်အသိုးတွေ ဘယ်လိုရလဲ ... နင်သိလား ... "

ရုတ်တရက် ပတ်ဝန်းကျင် ကိုဟိန်းထွက်သွားတဲ့ ... ဒေါသတကြီး အော်သံတစ်ခု ... အောက်မှာ ကွင်း ... ငြိမ်ကျသွားမိသည် ... တဆစ်ဆစ် တင်းကျပ်နာကျင်လာတဲ့ ညာဘက် လက်ကောက်ဝတ်ကို ကွင်း မရုန်းမိ ...

"နေပူကျဲတဲ စိုက်ခင်းတစ်ခုထဲမှာ ချွေးတသီးသီးကျ ရုန်းကန်နေရတဲ့ ဘဝတွေကို ... နင် မြင်ဖူးလား ... နဖူးကချွေး ခြေမကျတဲ့ အထိ ရုန်းကန်နေရပေမဲ့နင် အခု ဖျက်ဆီးလိုက်တဲ့ အဲဒီ အပုပ်အသိုး ဆိုတာတွေတောင် စားသုံးခွင့်မရတဲ့ ဘဝတွေကို နင် ခံစားမိဖူးလား"

သူစိမ်းယောကျ်ား တစ်ယောက်ရဲ့ မခံမရပ်နိုင်ဒေါသတွေ မြင်လိုက်ရတော့ ကွင်း ရင်ထဲအမျိုး အမည်မသိတဲ့ ဝေဒနာတစ်ခု ရုတ်တရက်ကြီး ဆို့တက်လာသည် ...

"ဘာမှ မသိ ... သစ်ပင်လေး တစ်ပင်တောင် မစိုက်ဖူးတဲ့ သူကများ ... သူတစ်ပါး သွေးတွေ ချွေးတွေနဲ့ ရင်းပြီး စိုက်ပျိုးထားတဲ့ ... အရာတွေကို ... တန်ဖိုးထားရ ကောင်းမှန်းမသိ ဖျက်ဆီးပစ်တဲ့ အပြင် ... ဘာ ... အပုပ်အသိုးတွေ ... ဟုတ်လား ... ရွံစရာတွေ ဟုတ်လား ... နင်မို့လို့ ပြောထွက်တယ် ... တောက် ..."

မှားသွားပြီ ဆိုသော အသိတစ်ခုကြောင့် ကွင်း ... သူ့ရှေ့မှာ ခေါင်းငိုက်စိုက် ကျသွားမိသည် ... အပြစ်တစ်ခုကို ပြန်လည် တောင်းပန်ဖို့ ပြင်

လိုက်တဲ့ အချိန်မှာ ...

"ဟိုမှာ ... ဟိုမှာ ဧကရီကွင်း ... သွားခေါ်လာစမ်း ... ဒင်းကို"

နားထဲကြားလိုက်တဲ့ D Sai ရဲ့ ဒေါသတကြီး အော်သံ ကြောင့် ... ကွင်း ... အရှေ့မှာ ရှိနေတဲ့ သူ့ကို အတင်း တွန်းဖယ်ရင်း ကပျာကယာ ရှောင်ပြေး လာခဲ့လိုက် မိသည် ...

***

"ဟင် ..."

မျက်စိရှေ့ မြင်လိုက်ရတဲ့ အပျက်အစီးတွေကြောင့် ... လင်း ... တအံ့တဩ ဖြစ်သွားသည် ... ရန်ကုန် ရောက်တုံး စာအုပ်တန်းလေး ခဏသွား မွှေရုံရှိသေး ... ဘာတွေဖြစ်ကုန်ပါလိမ့် ...

ပျက်စီးသွားတာက ခရမ်းချဉ်သီး ဆာလာအိတ် သုံးအိတ်တောင် ... အဘသောင်း စိုက်ခင်းက မဟုတ်ပဲ ... လူကြုံတင်လာခဲ့တာတွေ ဆိုတော့ လင်း ဖြေရှင်းရတော့မည် ...

"ဘယ်လိုတွေဖြစ်ရတာလဲ ... ဟင် ..."

"မသိဘူး ဆရာလေး ... ကျွန်တော်တို့ ကုန်သွားပို့နေတုံး ရှင်းလေး တစ်ယောက်ပဲ ကားစောင့် ကျန်နေခဲ့တာ ..."

ဘာမှ သေသေချာချာမသိတဲ့ အလုပ်သမားတွေ ... ခပ်လှမ်းလှမ်း မှာ ထိုင်နေတဲ့ ညီ့ ကိုမေးတော့လည်း ... ထိုအကြောင်းကို တစ်ခွန်းမှ မဟ ... ဆိုတော့ ... လင်း ဘာမှ ရေရေရာရာ မသိရ ...

"ကဲ ... ဘယ်တတ်နိုင်မလဲ ... ဖြစ်ပြီးတာက ဖြစ်ပြီးပြီ ... ပိုင်ရှင်ကို တောင်းပန်ပြီး အလျော် ပေးလိုက်ရုံပေါ့ ... ကဲ ကဲ ... ကိစ္စတွေအားလုံး ပြီးရင် ပြန်ကြမယ်ဟေ့ ... "

တအံ့တသြဖြစ်နေတဲ့ အလုပ်သမားတွေကို လင်း ... အိမ်ပြန်ဖို့ ဆော်သြလိုက်ရသည် ...

***

"သစ်ပင်လေး တစ်ပင်တောင် မစိုက်ဖူးတဲ့ သူကများ ... သူတစ်ပါး သွေးတွေ ချွေးတွေနဲ့ ရင်းပြီး စိုက်ပျိုးထားတဲ့ ... အရာတွေကို ... တန်ဖိုး ထားရကောင်းမှန်း မသိ ဖျက်ဆီးပစ်တဲ့ အပြင် ... ဘာ ... အပုပ်အသိုး တွေ ... ဟုတ်လား ... ရွံ့စရာတွေ ဟုတ်လား ... နင်မို့လို့ ပြောထွက်တယ် ... တောက် ..."

နားထဲ တဝဲလည်လည် ဝင်ရောက် နှောင့်ယှက်နေတဲ့ စကားတစ်ခွန်း ... မိနစ် ပိုင်းလောက်က ဖြစ်ပျက်ခဲ့တဲ့ အကြောင်းပြန်တွေးမိတိုင်း ညာဘက် လက်ကောက်ဝတ်က တဆစ်ဆစ် ...

"ကျစ် ... မကောင်းတဲ့ ကောင် ... ငါ့က လူဆိုးမကြီး ကျနေတာပဲ ... ပြောသွားလိုက်တာ ..."

နီရဲပြီး ကျန်နေခဲ့တဲ့ ညာဘက် လက်ကောက်ဝတ်ကို ကြည့်ပြီး ကွင်း တစ်ယောက်တည်း ခံပြင်းနေမိသည် ...

"သစ်ပင်လေး တစ်ပင်တောင် မစိုက်ဖူးတဲ့ လူတဲ့ ... သူကျတော့ ကော စိုက်ဖူးတာ ကျနေတာပဲ ..."

နာကျင်မှုနဲ့ အတူ ညာဘက် လက်ကောက်ဝတ်ပေါ် တွဲပြီးကျန်နေခဲ့တာက ... နူးညံ့မှုတစ်ခု ... ဘာလို့ များ ယောကျ်ားလေး တစ်ယောက်ရဲ့ လက်က ... အဲလောက်တောင် နူးညံ့ လွန်းနေပါလိမ့် ...

အာ ... သေစမ်း ... ငါ ဘာဖြစ်လို့ သူ့အကြောင်းကို မမေ့နိုင်သေးတာလဲ ... မေ့ပစ်စမ်း ... ဧကရီကွင်း ... သတိထားစမ်း ... ကိုယ့်ကိုယ်ကိုယ် သတိတွေအထပ်ထပ် အခါခါပေးရင်း ... ကွင်း ထိုအကြောင်းကို ဆက်မတွေး မိအောင် အာရုံလွှဲလိုက်သည် ...

"တွင် လ် ..."

Taxi မှန် ပြတင်းပေါက်ကနေ အပြင်က မာကျူရီ မီးတိုင်လေးတွေ အဓိပ္ပာယ်မဲ့စွာ ငေးနေမိတုံး Phone ထဲဝင်လာတဲ့ ဆူဇီ့ ဆီမှ message တစ်ကြောင်း ...

"ကွင်း ... ငါ အနူးအညွတ် တောင်းပန်ပါတယ် ... နင် သဘောကျမယ်ထင်ပြီး D Sai ဆီ ခေါ်သွားမိတာပါ နင့်အတွက် စိတ်အနှောင့်အယှက် ဖြစ်သွားဖို့ မရည်ရွယ်ပါဘူး ... ငါ တောင်းပန်ပါတယ် သူငယ်ချင်း ငါ့ကို ခွင့်လွှတ်မယ်မလား ..."

ခွင့်လွှတ်နိုင်စရာ အကြောင်းမရှိပေမဲ့လည်း ... ဆူဇီ ... တမင်ရည်ရွယ်ပြီး လုပ်တာ မဟုတ်တဲ့ အတွက် ... ကွင်း ... message တစ်ကြောင်း ပြန်ရိုက်လိုက်သည် ...

"နင် ထပ်ပြီး အဲဒီနေရာ မသွားတော့ပါဘူး ... D Sai နဲ့ မပတ်သက်တော့ပါဘူးလို့ ကတိပေးရင် ... ငါ ခွင့်လွှတ်ပေးမယ် ..."

Sent ပြီး မကြာခင်မှာ ပြန်ရောက်လာတဲ့ message လေး ...

"တွင် လ် ..."

"Ok … စိတ်ချ သည်းလေး … I Promised … promised သဲ … နောက်လုံးဝ D Sai နဲ့ မပတ်သက်တော့ပါ … ဟုတ်ပြီလား …"

ကွင်း ကျေနပ်စွာ ပြုံးလိုက်မိသည် …

"Ok … see ya … "

"Ok Thae … See ya …"

ဆူဇီနဲ့ ပြန်ပြေလည်သွားတော့ သူမစိတ်ထဲ အနည်းငယ် ပေါ့ပါးသွားသည် …

"ဟိုး ဆရာ … ရောက်ပြီ … "

အိမ်ရှေ့ Taxi ဆိုက်တာနဲ့ ခြံဝန်း ရှေ့မှာ အခန့်သင့် တွေ့လိုက်ရတဲ့ … အေးမိ

"မြန်မြန် မလေး …"

သူမကိုတွေ့တာနဲ့ အသည်းအသန် လက်ယပ် ခေါ်နေတဲ့ အေးမိမကြောင့် ကွင်း Taxi ပေါ်ကဆင်း ဇက်ကလေး ပုပြီး … ခြံဝန်းထဲ လှမ်းဝင်လိုက်သည် …

"ဟင် … ဘာ … ဘာနဲ့လဲ …"

ကွင်း အနား ရောက်တာနဲ့ အေးမိ နှာခေါင်းတွေ ရှုံ့ဝင်သွားသည် … ပြီးတော့ ကွင်းရဲ့ ခန္ဓာကိုယ် ကို ပတ်ချာလည် လိုက်အနံ့ခံနေပြန်သည် …

အေးမိ အပြုအမူကြောင့် ကွင်း ကိုယ့်အဖြစ်ကိုယ် သတိထားမိသွားသည် … ခုနက ခရမ်းချဉ်သီးရည်တွေ စိုရွှဲလာတော့ သူမ ခန္ဓာကိုယ် ချဉ်စုတ်စုတ် အနံ့ထွက်နေပုံရသည် …

"မ ... မလေး ... နင် နင်အရက်တွေ သောက်လာတာလား ... "

အလန့်တကြား အသံပြဲကြီးနဲ့ ထအော်တဲ့ အေးမိပါးစပ်ကို အသည်းအသန် လှမ်းပိတ်လိုက်ရသည် ...

"တိုးတိုး အေးမိရာ ... သေတော့မှာ ပဲ ... နင့်မေကြီးဒေါ် ငါက အရက်သောက်စရာလား ..."

"ဒါ ... ဒါဆို ဒီ ချဉ်စုတ်စုတ် အနံ့တွေက ... "

"အာ ... နောက်မှ ပြောမယ် ... ဒက်ဒီတို့ ရောက်နေပြီလား ..."

မေးလည်း မေး ... ခြံထဲကို နှစ်ယောက်သား ကုပ်ချောင်း ကုပ်ချောင်းနဲ့ လှမ်းဝင်လိုက်ကြသည် ...

"ဟာ ... ပြန်လာတာ ၁ နာရီလောက်တောင် ရှိနေပြီ ..."

"ဟင် ... ငါ့ကို မေးသေးလား ..."

"အာ ... မေးတာပေါ့ ... "

"အိ ... အဲ ... အဲတော့ ဘာ ဘာပြန်ဖြေလိုက်လဲ ..."

"အေးမိပါ မလေးရဲ့ ... မလေး အခန်းထဲမှာ စာလုပ် နေတယ်လို့ ပြောထားတယ် ... "

ကြည့်စမ်း တော်လိုက်တဲ့ အေးမိ ... အားရပါးရ ဖက်နမ်းချင်စိတ်တောင် ပေါက်သွားသည် ...

"တော်တယ် ... ဒါနဲ့ ငါ အခန်းထဲ ပြန်တက်ဖို့ ရော ..."

" အေးမိပါဆို ... မလေးကလည်း ... မလေး အခန်း ပြတင်းပေါက်ကနေ ကြိုးချထားပြီးသား ..."

ဟုတ်ပ … ကွင်းရဲ့ အခန်း ပြတင်းပေါက်ကနေ တန်းလန်းကျနေတဲ့ ကြိုးတစ်ချောင်း … တော်တော် အကွက်စေ့တဲ့ အေးမိ … ကွင်း မချီးကျူးပဲ မနေနိုင်တော့တာကြောင့် … အေးမိရဲ့ ခေါင်းကို တစ်ချက်ပုတ်ရင်း …

"တော်တယ် အေးမိ … နင့်ကို နောက်မှ ဆုချရမယ် … "

"တော်ရမယ်လေ … မတော်လို့ မိရင် … မလေး တစ်ယောက်တည်း မဟုတ်ဘူး … ဒီ မိအေးမိ ပါ သေမှာ …"

အေးမိ ဆီမှ ထွက်လာတဲ့ အံကြိတ်သံကြီးကြောင့် … ကွင်း … လက်တွေ တန့်ခနဲ … ကုပ်ကုပ်ကလေး … အိမ်နားကို ကပ်လိုက်ပြီး …

"မမိစေရပါဘူး ဟာ … နင်ကလည်း …"

"အပိုတွေ ရှည်မနေနဲ့ တက်တော့ … "

ငင့် … ရုပ်တည်ကြီးနဲ့ လာဟောက်နေတဲ့ အေးမိကိုကြည့်ပြီး … ကွင်း … ဘာမှ ပြန်မပြောနိုင်ပဲ ဇက်လေးပုသွားသည် ။

"အေး … အေးပါဟ … နင်ကလည်း စိတ်ကြီးပဲ … "

သြော် … ကွင်း ကြောက်ရတဲ့ လူတွေထဲမှ ဒက်ဒီပြီးရင်အဲဒီ အေးမိမပဲ … ငယ်ငယ်လေးကတည်းက အတူတူကြီးလာတဲ့ အေးမိက ကွင်း အတွက် အမြဲတမ်း အဆင်သင့် … သူမ အတွက် လိုလေသေး မရှိအောင် ဖြည့်ဆည်းပေးတတ်သလို တစ်ခါတစ်ခါ အေးမိက ကွင်းရဲ့ အုပ်ထိန်းသူ ဖြစ်ဖြစ်သွားတတ်၏ … အေးမိက မာမီ့ထက်တောင် ကွင်း ကို ချုပ်ကိုင်နိုင်သေး …

"အာ … သေချာတက်လေ မလေးရ … ဒါလေးတောင် … အဖြစ်ရှိအောင် မတက်နိုင်ဘူးလား …"

ကြိုးကိုခိုပြီး တန်းလန်းဖြစ်နေသော ကွင်း ကို အောက်ကနေ ပင့်တင်ပေးရင်း အေးမိမက ဟောက်စား လုပ်နေသေး ...

"တက်နေတယ်ဟ ... နင့် ကြိုးက ချော်နေလို့ ... "

"အဝတ်ကြိုးက ချော်စရာလား ... ပေါက်ပန်းဈေး လျှောက်ပြောမနေနဲ့ ဘာလဲ ရည်းစားနဲ့ ကျတော့ သွားချိန်းတွေ့တတ်တယ် ... ပြတင်းပေါက် လေးတောင် အဖြစ်ရှိအောင် မတက်တတ်ဘူး ဒုက္ခ ..."

"ဟ ပေါက်ပန်းဈေးပြောတာ ... နင် ... ငါက ဘယ်ရည်းစား ရှိလို့ သွားချိန်းတွေ့ရမှာ တုန်း ... အေးမိရ ..."

"အဲဒါဆို ဒီအချိန်ထိ ဘယ်သဝေထိုးနေလဲ ပြော ... "

အေးရော ... ပြတင်းပေါက်မှာ တစ်ယောက်က တွဲလောင်း တစ်ယောက်က အောက်က တွန်းတင်ပေးရင်း ခပ်အုပ်အုပ် ရန်ဖြစ်နေသေးတဲ့ ... သူတို့ နှစ်ယောက် အဖြစ်က တကယ့် ကိုးရိုးကားရား ...

"ဟ ... နင့်ကို ရှင်းပြတော့ရော နားလည်မှာ ကျနေတာပဲ တော်ပြီ ပါးစပ်ပိတ်ပြီး သေချာပင့်ပေး ... နင်လုပ်တာနဲ့ ဒက်ဒီတို့ သိ ... သိ ... "

"မိကေရီကွင်း ..."

ပြောလို့ မှ မဆုံးသေး နားထဲ စူးခနဲဝင်ရောက်လာတဲ့ ဒက်ဒီ့ရဲ့ ဒေါသတကြီး အော်သံ ...

"ဟင် ... "

ဒက်ဒီ့ အသံကြားတာနဲ့ ကွင်း လန့်ဖျပ်တုန်တတ်သွားပြီး အယောင်ယောင် အမှားမှား လက်ထဲက ခိုထားတဲ့ ကြိုးကို ဖျတ်ခနဲ အလွှတ် ...

"အမေ့ ... "

"ဝုန်း"

ကြိုး လွတ်သွားတာနဲ့ ကွင်း ခန္ဓာကိုယ် အေးမိ ပေါ် ... အရှိန်ပြင်း ပြင်း ပြုတ်ကျသွား၏ ...

"အောင်မလေးတော့ ... "

စူးစူးဝါးဝါး ထအော်တဲ့ အေးမိကို ကွင်း ဂရုမစိုက်နိုင် ... အေးမိ ကိုယ်ပေါ်မှ အလူးအလဲ ထရပ်လိုက်တော့ ... ကွင်း ရင်ဆိုင်လိုက်ရတာ က ... ဒက်ဒီ့ရဲ့ မီးဝင်းဝင်း တောက်မျက်ဝန်း ...

ထိုအချိန်မှာ ကွင်း သိလိုက်ရတာက ...

သွားပြီ ... ... ... ... ... ... ... ...

***

"တောက် ... "

မိုးခြိမ်းသံအလား ဧည့်ခန်းထဲ ဟိန်းထွက်သွားတဲ့ ... ဒက်ဒီ့ရဲ့ တောက်ခေါက်သံ ကြားတိုင်း ... ဒက်ဒီ့ရှေ့မှာ ကျုံ့ကျုံ့လေး ပဆစ်တုပ် ဒူးထောက်ထိုင်နေတဲ့ ကွင်း ရော အေးမိ ရော တုန်ခနဲ ...

"ကြားလို့ မှ ကောင်းရဲ့ လား ဟမ် ... မိန်းကလေးတဲ့ ညဘက်အချိန် မတော် လမ်းသလား ရုံတင်မက ... အရက်တွေပါ သောက်လာတယ် ဟုတ်လား ဧကရီကွင်း ... နင် ပျက်စီးနေပ့ါလား ..."

"အရက် မဟုတ်ပါဘူးဆို ..."

"တော်တိတ် ... ငါ့ကိုပြန်မပြောနဲ့ ... ငါနော် ... လုပ်ထည့်လိုက်ရ ..."

မျက်နှာနား ဝဲလာတဲ့ ဒက်ဒီ့ရဲ့ လက်ဖဝါးကြီးကို တွေ့တော့ ကွင်း ပြန်ငြိမ်နေလိုက်ရသည် ...

တစ်ခါမှ အသားပေါ်မထိဖူးပေမဲ့ ဒက်ဒီ့ရဲ့ အဲ့ဒီ လက်ဖဝါးကြီးကို ကွင်း အသေကြောက်သည် ...

"ဒီလောက် နံစော်နေတာတောင် ငြင်းနေသေး ... "

ကိုယ့်အပြစ်နဲ့ ကိုယ် ခေါင်းမဖော်ရဲပါဘူး ဆိုမှ ဘေးနားက အေးမိမက လေသံနဲ့ အပြစ်တင်ပြီး လူကို ဘုရှိုးလာလာရှိုးနေသေး ...

"ကြားလို့ မှ ကောင်းကြသေးရဲ့ လား ဟမ် ... ကြားလို့ မှ ကောင်းရဲ့ လား ... ..."

ကွင်း တို့ နှစ်ယောက် အရှေ့မှာ လူးလားခေါက်တုံ့ပြန် လျှောက်ရင်း ဘယ်နှကြိမ်မြောက် မှန်းမသိတဲ့ ဒက်ဒီ့ရဲ့ အမေး ... ဒီအတိုင်း ငြိမ်နေရင်လည်း ထပ်မေးနေဦးမှာ ပဲ ... မကောင်းပါဘူး ဒက်ဒီလို့ ထဖြေရင်လည်း လက်ဖဝါးကြီးနဲ့ အရွယ်ခံရဦးမှာ အဲဒါကြီးကို ကြောက်တော့ ငြိမ်နေတာပဲ ကောင်းပါတယ် ...

"ဟမ် ... ကြားလို့ မှ ကောင်းရဲ့ လား ... ကြားလို့ မှ ကောင်းကြသေးရဲ့ လား ..."

"အိုရှင် ... ရှင်က အဲလို အော်နေမှ တော့ ကြားလို့ ကောင်းပါတော့မလား ... တကတည်း ... ဆူမှ ဖြင့်မြန်မြန် မဆူဘူး မျက်စိကို နောက်နေတာပဲ ..."

ကြာတော့ ဆိုဖာမှာ ထိုင်ကြည့်နေတဲ့ မာမီ မျက်စိနောက်ပြီး ထအော်၏ ... အဲတော့မှ ဒက်ဒီ ကိုယ်ရှိန် သတ်သွားပြီး ...

"ဟင့်အင်း ... ဒင်းကို ငါ မဆူတော့ဘူး ... ဆူလည်း အဲဒီ ဒုံးပေကပ်သပ်မက နားဝင်မှာ မဟုတ်ဘူး ... ဒီတော့ ... "

ဒက်ဒီ့ ... မုတ်ဆိတ်မွေးမရှိတဲ့ မေးစေ့ကို ဟန်ပါပါပွတ်ရင်း တစ်ခုခုကို ငြိမ်ပြီး စဉ်းစားနေ၏ ... ဒက်ဒီ စဉ်းစားနေသလို ကွင်း လည်း ငြိမ်ပြီး အတွေးပွား နေမိ၏ ...

ဒုံးပေကပ်သပ်မ ဆိုတာ ဘာပါလိမ့်

"ဒင်းကို ပြင်းပြင်းထန်ထန် အပြစ်ပေးမှ ဖြစ်မယ် ..."

(ဒက်ဒီ့ ရဲ့ စဉ်းစားသံ ... )

"ဟဲ့ ... ဒုံးပေကပ်သပ် ဆိုတာ ဘာလဲ ... "

(ဘေးက အေးမိကို ကပ်မေးသံ ... )

"ဘယ်သိမလဲ ... "

(အေးမိရဲ့ မဖြေချင့်ဖြေချင် အသံ ... )

"နေပေ့ါ ... ဟွန့် ... "

(မျက်စောင်းတစ်ချက် လှမ်းထိုး ... )

"ဟွန့် ... "

(ဟိုက မဲ့ကာရွဲ့ကာ ပြန်ထိုး ... )

"ဒင်းကို မနက်ဖြန် ... နယ်က ဖေဖေ့ဆီ ပို့ပစ်မယ် ..."

(ဒက်ဒီ့ရဲ့ အကြံရသွားသံ ... )

"ဟင် ..."

ဒက်ဒီ့ အပြစ်ဒဏ်ကို ကြားတော့ ကွင်း ခေါင်းထဲဒိန်းခနဲ ...

"ဟာ ... ဒက်ဒီကလည်း ... မသွားဘူး ... မသွားချင်ပါဘူး ... "

အသည်းအသန် ငြင်းဆိုလိုက်ပေမဲ့ ... မရ ...

"မရဘူး ... သွားရမယ် ... ငါတို့ ညည်းကို မထိန်းနိုင်တော့ဘူး ... အဲတော့ ဖေဖေ့ဆီ ညည်းကို ပို့ထားမယ် ... အဲမှာ ကျောင်းဆက်တက် ၁၀ တန်းဖြေ ... ဒါပဲ ... "

"ဟင့်အင်း မသွားပါဘူး ... ဘိုးဘိုးက အရမ်း စည်းကမ်းကြီးတာ ... ပြီးတော့ နယ်သွားနေရင် သမီးရဲ့ အလုပ်တွေ ပျက်ကုန်မှာ ပေါ့လို့ ..."

"အေး ... အဲဒီအလုပ်လည်း ... ဖျက်ပစ်ရမယ် ..."

"ဟင် ... ဒက်ဒီ ... အဲဒါတော့ မတရားဘူး ... "

"နားထောင် ... ညည်း ဟိုမှာ သွားပြီး လိမ်လိမ်မာမာနဲ့ စာကြိုးစားပြီး ၁၀ တန်း အောင်မယ်ဆိုရင် ... ညည်းအတွက် ... သီးသန့် Studio ထောင်ပေးမယ် ... ဘယ်လိုလဲ ... "

Wow ... မိုက်လိုက်တဲ့ မက်လုံး ... ဒါပေမဲ့

"ဟင့်အင်း ... မသွားချင်ပါဘူး ... မသွားချင်ပါဘူး ဆို ... မာမီရေ ... ဟင့် ... "

မာမ့ို အနား အပြေးဝင်ကပ်ပြီး အကူအညီ လှမ်းတောင်းလိုက်တော့ ...

"ရတယ်လေ ... သမီးမသွားချင်ရင် ... ဒီမှာ ပဲ နေလို့ ရတယ် ..."

ကြည့်စမ်း ... ဒါမှ ကွင်း မာမီ ... ဝမ်းသာအားရလေး မာမ့ိကို လှမ်းအဖက် ...

"ဒါပေမဲ့ ... ခေါင်းတုံးတုံးပြီး သီလရှင် ဝတ်ရမယ် ဘယ်လိုလဲ ..."

ငင့် ... သေစမ်း ... ဖက်မယ့် လက်တောင် တန့်သွားတယ် ... ကျား ကြောက်လို့ ရှင်ကြီးခိုး ရှင်ကြီး ကျားထက်ဆိုး ဆိုတာနဲ့ လာတွေ့နေ တယ် ... ဒုက္ခ ...

"ဟာ ... ဟုတ်တယ် မိန်းမ အဲဒီအကြံကောင်းတယ် ... ဒါမှ ဒင်း ခြေ ငြိမ်သွားမှာ ... ဘယ်လိုလဲ မိကွင်း ... "

အခုမှ အတိုင်အဖောက် လာညီနေကြတဲ့ မိဘနှစ်ပါးကို ကြည့်ပြီး ... ကွင်း ငိုချင်လာသည် ...

"ကဲ ... နှစ်ခုထဲက တစ်ခုရွေး ... နယ်မှာ ဘိုးဘိုးနဲ့ သွားနေပြီး ဒီနှစ် ကျွတ်အောင် လုပ်မလား ... ခေါင်းတုံးတုံးပြီး သီလရှင် တစ်နှစ်လောက် ဝတ်မလား ... ပြော ... "

လူကို အကျပ်ကိုင်နေတဲ့ ရွေးချယ်မှု အောက်မှာ ကွင်း မလှုပ်နိုင် တော့ ...

မျက်ရည်အဝိုင်းသား နဲ့ အေးမိကို အားကိုးတကြီး လှမ်းကြည့်မိ တော့ ... သကောင့်သမီးက ... ချက်ချင်း ခေါင်းညိတ် လက်ထောင်ပြရင်း ပြောလိုက်တာက ...

"မလေး အတွက် ... အထုပ်ပြင်ပေးထားမယ် ... " တဲ့ ...

အေးရော ...

***